# မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍတွင် အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ

1. In order to implement the function for rural development and poverty reduction, Microfinance Business Law was enacted on 30th Nov 2011 in Myanmar and, local and foreign Microfinance Institutions (MFIs) have been granting microfinance business licenses to operate their businesses. Financial Regulatory Department (FRD) has assigned the functions to supervise and regulate microfinance institutions, private insurance companies as non-bank financial institutions in Myanmar.

၁။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင် ရွက်ရာတွင်အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၃၀)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပအသေးစား ငွေရေးကြေးရေးအဖွဲ့ အစည်းများအားလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။ ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အာမခံလုပ်ငန်း ကုမ္ပဏီများ စသည့် ဘဏ်မဟုတ်သော ငွေရေးကြေး ရေးအဖွဲ့အစည်းများကို စည်းမျဉ်းသတ်မှတ်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေး အပ်ခြင်းခံ ရပါသည်။

2. After the enactment of Microfinance Business Law, Myanmar Microfinance Sector has evolved with 178 MFIs including (54) Foreign Companies, (116) Local Companies and (8) Joint Venture as of December, 2023. They have been operating in 15 regions and states, 263 townships, 2,245 wards, 26,986 villages with total paid up capital 864.861 billion in Myanmar kyat (MMK), total loan outstanding 1,835.954 billion (MMK), total saving outstanding 244.955 billion (MMK) to support more than 3.455 million active clients.

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းပြီးနောက် လက်ရှိအချိန်အထိ မြန်မာနိုင်ငံ တွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်း ပေါင်း (၁၇၈) ဖွဲ့ရှိပြီး ၎င်းတို့အနက် ပြည်ပကုမ္ပဏီ (၅၄) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၁၁၆) ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ (၈) ဖွဲ့တို့ ပါဝင်ပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အဆိုပါအဖွဲ့အစည်း များသည် တိုင်းဒေသကြီး နှင့်ပြည်နယ် (၁၅) ခု တွင် မြို့နယ်ပေါင်း (၂၆၃) မြို့နယ်၊ ရပ်ကွက် ပေါင်း (၂,၂၄၅) ရပ်ကွက်၊ ကျေးရွာပေါင်း (၂၆,၉၈၆) ရွာမှ အသင်းသားဦးရေ စုစုပေါင်း (၃.၄၅၅)

သန်း ကျော်အား မတည်ငွေ ကျပ်ပေါင်း (၈၆၄.၈၆၁) ဘီလီယံ၊ စုစုပေါင်း ထုတ်ချေးငွေလက်ကျန် ကျပ်(၁,၈၃၅.၉၅၄) ဘီလီယံ၊ စုစုပေါင်းစုဆောင်းငွေလက်ကျန် ကျပ်(၂၄၄.၉၅၅) ဘီလီယံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

3. Those microfinance institutions provide financial services to low-income people by 5 percent for Productive Sector, 14 percent for Service Sector, 38 percent for Trade Sector, 34 percent for Agriculture Sector and 8 percent for Livestock & Fisheries Sector and 1 percent for education sector respectively.

၃။ အဆိုပါ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုပေးရာတွင် ဝင်ငွေနည်းပြည်သူများ၏ ထုတ်လုပ်မှုကဏ္ဍအတွက် ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍ အတွက် ၁၄ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍအတွက် ၃၈ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍ အတွက် ၃၄ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍအတွက် ၈ ရာခိုင်နှုန်း နှင့်ပညာရေးကဏ္ဍ အတွက် ၁ ရာခိုင်နှုန်း တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

4. As of December 2023, there have separated gender lists who were getting microfinance services in Myanmar as 2.972 million active Female Clients and 0.483 million active Male Clients and total active clients are 3.455 million. This means that it can support microfinance services to almost 10% of the adult population in Myanmar.

၄။ ဝန်ဆောင်ပေးနေသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အသင်းဝင်များဆိုင်ရာ ကျား/မ ဦးရေ စာရင်းအနေဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှု ရယူလျက်ရှိသည့် အမျိုးသမီးဦးရေ ၂.၉၇၂ သန်းနှင့် အမျိုးသားဦးရေ ၀.၄၈၃ သန်း ရှိသဖြင့် စုစုပေါင်းဝန်ဆောင်မှု ရယူသည့်ဦးရေ ၃.၄၅၅ သန်းဖြစ်ပါသည်။ ယင်းသည် မြန်မာနိုင်ငံတွင်အရွယ်ရောက်ပြီး သူဦးရေ၏ (၁၀) ရာခိုင်နှုန်းခန့်အား ငွေကြေးဝန်ဆောင်မှုပေး နေကြောင်း ဖော်ပြလျက်ရှိပါသည်။